တေဒဂ်ရ ပုဂ္ဂိုလ်ထူးများ

အမှတ်စဉ် (၇)

အသံအချိုသာဆုံး မဥ္စုသရ တေဒဂ်ရ အရှင်လကုဏ္ဍက ဘဒ္ဒိယမထေရ်

ဘယ်သူပဲဖြစ်ဖြစ် လောကမှာ အကောင်းဆုံးအရာတွေကိုပဲ ပိုင်ဆိုင်ချင်ကြတာပါ။ ဒါဟာ လူ့သဘာဝပါ။ ဒါပေမဲ့ ဖြစ်ချင်တဲ့ဆန္ဒအတိုင်းတော့ လူတိုင်းဖြစ်ခွင့် မရနေဘူးဆိုတာလဲ လူသား ကမ္ဘာလောကကြီးက ထင်ရှားပြနေပါတယ်။ ဒါဆို ကိုယ်ပိုင်ဆိုင်ချင်တဲ့ ကောင်းတဲ့အရာတွေ ရဖို့ ပြည့်စုံဖို့ ဘာက အခရာကျသလဲ စိစစ်ကြည့်မယ်ဆိုရင် လောကလူသားတွေ သူတို့ပြုထားတဲ့ ကံတွေ အတိုင်း ဖြစ်နေရတာမို့ ကံကပဲ အရင်းပဓာနဆိုတာလဲ ထင်ရှားလှပါတယ်။ ဒါဟာ မြတ်ဗုဒ္ဓရဲ့ "ကမ္မံ သတ္တေ ဝိဘဇတိ - သတ္တဝါတွေကို တစ်ယောက်နဲ့တစ်ယောက် မတူကွဲပြားအောင် ကံကပဲ ခွဲခြား ထားတယ်" ဆိုတဲ့ ဒေသနာတော်နဲ့လဲ ကိုက်ညီနေပါတယ်။

ကောင်းကံတွေကြောင့် ကောင်းတဲ့အရာတွေကို ပိုင်ဆိုင်ခွင့်ရနေသလို မကောင်းတဲ့ကံတွေ ကြောင့်လဲ ကိုယ်မလိုချင်တာတွေကို မလိုချင်လဲပဲ ရှောင်လွှဲမရဘဲ ရနေကြတာပါ။ ကိုယ့်ပတ်ဝန်း ကျင်ကို ဉာဏ်နဲ့ဖြန့်ကျက် ကြည့်လိုက်ရင် ဒီဖြစ်စဉ်ဖြစ်ရပ်တွေက သိသာထင်ရှားလွန်းလှပါတယ်။ အခုတော့ ကံတွေရဲ့ ကောင်းကျိုး၊ ဆိုးပြစ်တွေပေးပုံကို အရှင်လကုဏ္ဍကဘဒ္ဒိယမထေရ်ရဲ့ ဘဝ ဖြစ်စဉ်နဲ့ကပ်ပြီး သတိထား သံဝေဂပွားကြည့်ကြရအောင်ပါ။ ကံတွေရဲ့ ကောင်းကျိုး၊ ဆိုးပြစ်တွေဟာ ဘယ်အထိ လိုက်အကျိုး ပေးနိုင်သလဲဆိုတာလဲ အသိပိုရှင်းသွားပါလိမ့်မယ်။

မဥ္စုသရ တေဒဂ်ရ အရှင် လကုဏ္ဍကဘဒ္ဒိယမထေရ်

အရှင်မြတ်ရဲ့ ဘွဲ့အမည်တော်မှာ "ဘဒ္ဒိယ"ဆိုတာ က မူရင်းအမည်ဖြစ်ပါတယ်၊ ရွှေရုပ်လေး လို ကောင်းမြတ်တဲ့ခန္ဓာကိုယ် ရှိတဲ့အတွက်ကြောင့် သူ့နာမည်ကို မိဘတွေက ဘဒ္ဒိယ-လို့ မှည့်ခေါ်ခဲ့တာ ဖြစ်ပါတယ်။ ဒါပေမဲ့ အရပ်အမောင်းကတော့ တော်တော်လေးကို သေးကွေးပုကွနေပါသတဲ့၊ ဒါ့ကြောင့် ဘဒ္ဒိယရဲ့ ရှေ့မှာ "လကုဏ္ဍက" လို့ ထည့်ခေါ်ကြသတဲ့။ မြန်မာလိုဆိုရင်တော့ လူပုလေး မောင် ကောင်းမြတ်လို့ ခေါ်ရမှာပါပဲ။ အရှင်မြတ်က သာယာချိုမြိန်တဲ့အသံရှိတဲ့ တပည့်ရဟန်းတွေထဲမှာ အသာဆုံး မဥ္စုသရ တေဒဂ်ကို ရခဲ့တာပါ။ အရှင်မြတ်ရဲ့ အကြောင်းကိုလဲ အတိတ်ဆုတောင်း ပါရမီဖြည့်ပုံအပိုင်း၊ ပစ္စုပ္ပန်ဘဝအပိုင်းနဲ့ အရှင်မြတ်နဲ့ဆက်စပ်တဲ့ တရားတော်အပိုင်းဆိုပြီး သုံးပိုင်းခွဲ ကြည်ညိုကြပါမယ်။

(က) အတိတ်ဘဝ ဆုတောင်း ပါရမီဖြည့်ပုံအပိုင်း

(၁) ဝိပဿီဘုရားရှင်လက်ထက် ဆုတောင်းကုသိုလ်ပြုပုံ

အရှင်မြတ်အလောင်းတော်ဟာ လွန်ခဲ့တဲ့ ကမ္ဘာတစ်သိန်းကာလ ပဒုမုတ္တရာမြတ်စွာဘုရားရှင် လက်ထက်တော်က ဟံသာဝတီနေပြည်တော် ကြွယ်ဝချမ်းသာတဲ့သူဌေးမျိုးမှာ ဖြစ်ခဲ့ပါတယ်။ တစ်နေ့မှာတော့ မြတ်စွာဘုရားကျောင်းတော် တရားသွားနာတဲ့အခါ ပဒုမုတ္တရာမြတ်စွာဘုရားရှင်က အသံချိုသာကောင်းမြတ်တဲ့ ရဟန်းတစ်ပါးကို တေဒဂ်အရာ ထားတော်မူတာကို မြင်တွေ့ပြီး "ငါလဲပဲ နောင်အနာဂတ် ဘုရားတစ်ဆူရဲ့သာသနာတော်မှာ ဒီရဟန်းလို အသံသာယာကောင်းမြတ်တဲ့ ရဟန်းတွေထဲမှာ အသာဆုံး ပုဂ္ဂိုလ်ဖြစ်ရရင် ကောင်းမှာပဲ" လို့ အကြံဖြစ်ပေါ်လာခဲ့တယ်။ ဒါ့ကြောင့် တရားနာပြီးတဲ့အခါ မြတ်စွာဘုရားထံ ချဉ်းကပ် ရှိခိုးဦးချကန်တော့ပြီး နောက်နေ့မှာ သူ့အိမ်ဆွမ်းစားကြွဖို့ ပင့်လျှောက်ကာ ခုနစ်ရက်တိုင်တိုင် ဘုရားအမှူးရှိတဲ့သံဃာတော်တွေကို အကြီးအကျယ် လှူဒါန်းပါတယ်။ အလှူပွဲနောက်ဆုံးနေ့မှာတော့ "မြတ်စွာဘုရား...တပည့်တော် ယခုလိုလှူဒါန်းရတဲ့ ဒါနရဲ့ အကျိုးကြောင့် အခြားလောကီချမ်းသာ ပြည့်စုံမှုတွေကို မတောင့်တပါဘုရား၊ နောင်အနာဂတ် တစ်ဆူသောဘုရားရှင်ရဲ့ သာသနာတော်မှာ အသံသာယာချိုမြိန်ကောင်းမြတ်တဲ့ ရဟန်းတွေထဲမှာ အသာဆုံး မဉ္ဇုသရ တေဒဂ်ရသူ ဖြစ်ရပါလို၏" လို့ ဆုပန်ခဲ့ပါတယ်။ ပဒုမုတ္တရာမြတ်စွာဘုရားရှင်လဲ အနာဂတ်ကို ကြည့်တော်မူကာ သူကြွယ်တောင်းတဲ့ဆု ပြည့်စုံမဲ့အရေးကို မြင်တော်မူတဲ့အတွက် "ဒါယကာ... သင့်ရဲ့ ဆုတောင်းပြည့်ပါလိမ့်မယ်၊ အခုအချိန်ကနေ နောင်ကမ္ဘာတစ်သိန်းကြာတဲ့အခါ ဂေါတမဘုရားရှင် ပွင့်တော်မူလိမ့်မယ်၊ သင်ဟာ အဲဒီဘုရားရဲ့ သာသနာတော်မှာ အသံချိုမြိန်သာယာတဲ့ တပည့်ရဟန်းတွေထဲမှာ အသာဆုံး တေဒဂ်ရလိမ့်မယ်"လို့ ဗျာဒိတ်စကား မိန့်ကြားတော်မူပြီး ကျောင်းတော်ကို ပြန်ကြွသွားတော်မူခဲ့ပါတယ်။

(၂) ဖုဿမြတ်စွာဘုရားလက်ထက် ပါရမီဖြည့်ပုံ

သူကြွယ်လဲ ဗျာဒိတ်စကား ရပြီးနောက် အသက်ထက်ဆုံး ကောင်းမှုကုသိုလ်တွေ ပြုလုပ်ခဲ့ပြီး အဲဒီဘဝက ကွယ်လွန်တဲ့အခါ တာဝတိံသာနတ်ပြည်မှာ ဖြစ်ခဲ့ပြီး အဲဒီလိုနဲ့ လူ့ပြည်၊ နတ်ပြည်တွေမှာ စုန်ချည်ဆန်ချည် ကျင်လည်ရင်းက လွန်ခဲ့တဲ့ ကိုးဆယ့်နှစ်ကမ္ဘာထက်ကာလ ဖုဿမြတ်စွာဘုရားလက်ထက်တော်မှာ ဘုရင်ရဲ့ဘေးမဲ့ဉယျာဉ်တော်မှာ **စိတ္တပတ္တ** အမည်ရှိတဲ့ ဉသြငှက်ဖြစ်ခဲ့ပါတယ်။ တစ်နေ့မှာတော့ ဉသြငှက်လေးဟာ ဟိမဝန္တာကနေ သရက်သီးမှည့်လေးတစ်လုံးကို နှုတ်သီးနဲ့ ကိုက်ချီပြီး ပြန်လာတဲ့အခါ ရဟန်းသံဃာတွေ ဝန်းရံနေတဲ့ မြတ်စွာဘုရားကို ဖူးတွေ့လိုက်ရတော့ "ငါဟာ အခြားနေ့ရက်တွေမှာဆိုရင် ငါ့မှာဘာမှမရှိဘဲ ဘုရားကို ဖူးတွေ့ရတယ်၊ ဒီနေ့မှာတော့ ဒီသရက်သီး

မှည့်ကို သားသမီးတွေအတွက်ဆိုပြီး ငါယူဆောင်လာခဲ့တယ်၊ သားသမီးတွေအတွက် အခြားသစ်သီးကို နောက်မှ ဆောင်ယူပေးတော့မယ်၊ ငါ ခု ယူလာတဲ့သရက်သီးကို မြတ်စွာဘုရားရှင်ကို ပေးလှူတော့မယ်”လို့ တွေးကြံပြီး အထက်အမြင့်ကနေ အောက်ကိုနိမ့်ဆင်းလာကာ ကောင်းကင်မှာ တဝဲလည်လည် ပျံသန်းနေခဲ့တယ်။

ဒီအခါ ဖုဿမြတ်စွာဘုရားက ဥဩငှက်လေးရဲ့ စိတ်ကို သိလိုက်ပြီး နောက်ကပါလာတဲ့ အလုပ်အကျွေး အသောကမထေရ်ကို လှမ်းကြည့်တော်မူပါတယ်။ အသောကမထေရ်လဲ သပိတ်ကို အိတ်ထဲက ထုတ်ပြီး ဖုဿမြတ်စွာဘုရား လက်တော်ကို ကပ်လိုက်တယ်။ ဒီအခါ ဥဩငှက်လေးဟာ ရွှင်လန်းဝမ်းမြောက်တဲ့စိတ်နဲ့ သရက်သီးမှည့်လေးကို မြတ်စွာဘုရားရဲ့ သပိတ်တော်ထဲ လောင်းလှူလိုက်ပါတယ်။ ဖုဿဘုရားရှင်လဲ ဥဩငှက်လေး ဝမ်းမြောက်ဝမ်းသာဖြစ်စေဖို့အတွက် ဥဩငှက်လေးရဲ့ ရှေ့မှာတင်ပဲ သရက်သီးမှည့်ကို ဘုဉ်ပေးတော်မူလိုက်တယ်။ ဘုရားရှင် အဲဒီလို ဘုဉ်ပေးတာကို ကြည့်ပြီး ဥဩငှက်ကလေးဟာ ကြည်ညိုတဲ့စိတ်တွေ၊ နှစ်သက်ဝမ်းမြောက်တဲ့စိတ်တွေ အဆက်မပြတ်ဖြစ်ပေါ်ကာ သူ့ရဲ့ တောင်ပံနှစ်ဖက်နဲ့ မြတ်စွာဘုရားကို ရှိခိုးကန်တော့တယ်။ နှစ်သက်မြတ်နိုးဖွယ်ရာ သာယာချိုမြိန်တဲ့ ဥဩသံလေး တွန်ကျူးပြီးတော့လဲ မြတ်စွာဘုရားဂုဏ်တော်တွေကို အောက်မေ့ကာ အဆက်မပြတ် ပူဇော်ခဲ့ပါတယ်။ ဥဩငှက်လေးအနေနဲ့ မြတ်စွာဘုရားရဲ့ ဂုဏ်တော်ကို ပွားတယ်ဆိုတာ မြတ်စွာဘုရားရှင်ရဲ့ တင့်တယ်သပ္ပါယ်ပုံ, ကြည်ညိုဖွယ်အမူအရာနဲ့ ပြည့်စုံပုံနဲ့ သူ သရက်သီးလှူချင်တာကို ဘုရားရှင်က သိပြီး အလှူခံ,ဘုဉ်ပေးသုံးဆောင်ပုံတွေကို ဆင်ခြင်တာပါ။ အဲဒီလို ပူဇော်ပြီးတဲ့အခါ သူ့ရဲ့ အသိုက်ကို ပြန်သွားပြီး ခုနစ်ရက်လုံးလုံး ဝမ်းသာပီတိတွေနဲ့ စိတ်အေးချမ်းသာစွာနေခဲ့ပါတယ်။ ဖုဿ မြတ်စွာဘုရားကို သရက်သီးလှူဒါန်း ပူဇော်ရတဲ့ ကုသိုလ်ကြောင့် ဥဩငှက်ဘဝကနေ တုသိတာ နတ်ပြည်မှာ ကြီးကျယ်တဲ့ နတ်စည်းစိမ် ချမ်းသာကို ရရှိခဲ့ပါတယ်။ သာယာတဲ့အသံနဲ့ တွန်ကျူးကာ ပူဇော်ခဲ့တဲ့ကုသိုလ်ကြောင့် သာယာချိုမြိန်တဲ့အသံရှင် ဖြစ်ခဲ့ရပါတယ်။

(၃)ကဿပမြတ်စွာဘုရားလက်ထက် လက်သမာဆရာကြီးဖြစ်ခဲ့ရ

ကဿပဘုရားရှင်လက်ထက်မှာတော့ အရှင်လကုဏ္ဍကဘဒ္ဒိယမထေရ်အလောင်းတော်ဟာ လက်သမားဆရာကြီးဖြစ်ခဲ့ပါတယ်။ ကဿပဘုရားရှင် ပရိနိဗ္ဗာန်စံတော်မူတဲ့အခါ ကြွင်းကျန်ရစ်တဲ့ သရီရဓာတ်တော်ကို ရွှေစေတီတည်ပြီး တည်ထားကိုးကွယ်ဖို့ လူတွေ စီမံတိုင်ပင်ကြတဲ့အခါ တစ်ချို့ လူတွေက ခုနစ်ယူဇနာပမာဏရှိတဲ့ ရွှေစေတီတည်မယ်လို့ အဆိုပြုကြတယ်၊ တစ်ချို့ကတော့ ခြောက်ယူဇနာ ပမာဏလောက်ရှိတဲ့စေတီဆိုရင် သင့်လှပါပြီလို့ အကြံပြုကြတယ်၊ တစ်ချို့ကတော့ ငါးယူဇနာ၊ လေးယူဇနာ၊ သုံးယူဇနာ၊ နှစ်ယူဇနာ၊ တစ်ယူဇနာလောက်ပဲ တည်ကြပါစို့လို့ စသဖြင့်

ပြောဆိုကြတယ်။ အဲဒီလို စေတီတည်ဖို့ပမာဏ သတ်မှတ်ချက် မဆုံးဖြတ်နိုင်တဲ့အနေအထား ဖြစ်နေတဲ့အခါ အရှင်မြတ်လောင်း လက်သမားဆရာကြီးက "အချင်းတို့....နောင်တစ်ချိန် ပြုပြင်ဖို့ လွယ်ကူတဲ့ ပမာဏလောက်ပဲ တည်သင့်တယ်"လို့ ပြောဆိုပြီး တိုင်းတာတဲ့တံမျဉ်းကြိုးယူကာ စေတီတည်မဲ့နေရာကို ပတ်လည် တိုင်းတာပြီးနောက် တစ်ဂါဝုတ်ပမာဏရှိတဲ့နေရာမှာ ရပ်တည်ကာ "မုခ်ဦး တစ်ခု,တစ်ခုကို တစ်ဂါဝုတ်၊ တစ်ဂါဝုတ်ပမာဏလောက်ပဲ ရှိပါစေ၊ ဒါဆိုရင် လေးဖက်လေးတန် စေတီရဲ့ပတ်ပတ်လည် အဝန်း အဝိုင်းဟာ တစ်ယူဇနာပမာဏဖြစ်ပါလိမ့်မယ်၊ အထက်ဉာဏ်တော် အမြင့်လဲ တစ်ယူဇနာပမာဏ ရှိပါလိမ့်မယ်"လို့ အဆုံးအဖြတ်စကား ပြောဆိုခဲ့ပါတယ်။ ကျန်တဲ့ လူတွေလဲ လက်သမားဆရာကြီးရဲ့ အဆုံးအဖြတ်ကိုပဲ အတည်ပြုလက်ခံလိုက်ကြရပါတယ်။ အရှင်မြတ်အလောင်း လက်သမားဆရာကြီးဟာ မနှိုင်းယှဉ်အပ် မနှိုင်းယှဉ်နိုင်တဲ့ ဂုဏ်တော်ရှင် မြတ်စွာဘုရားရဲ့ စေတီတော်တည်ရန်အတွက် အတိုင်းအတာပမာဏကို သတ်မှတ်ပြောဆိုမိခဲ့တယ်။ ဒီကံကြောင့်ပဲ ဖြစ်လေရာဖြစ်လေရာဘဝတိုင်းမှာ ကျန်တဲ့လူတွေထက်ပိုပြီး ပုကွယုတ်နိမ့်တဲ့ ကိုယ်ခန္ဓာရှိသူ ဖြစ်ခဲ့ရတယ်။ ဒါပေမဲ့ စေတီတည်ခဲ့တဲ့ ကုသိုလ်စေတနာကြောင့်တော့ အဲဒီဘဝကနေ စုတေကွယ်လွန်ပြီးတဲ့အခါ တာဝတိံသာနတ်ပြည်မှာ ဖြစ်ခဲ့ပါတယ်။

(ခ) ပစ္စုပ္ပန်ဝတ္ထုအပိုင်း

အရှင်လကုဏ္ဍက ဘဒ္ဒိယမထေရ်လောင်းဟာ ယခုနောက်ဆုံးဘဝ အကျွန်ုပ်တို့ ဂေါတမ မြတ်စွာဘုရားလက်ထက်ရောက်တဲ့အခါ သာဝတ္ထိပြည်က စည်းစိမ်ဥစ္စာ ပေါကြွယ်ဝတဲ့ မဟာဘောဂ သူဌေးမျိုးမှာ ဖြစ်ခဲ့ပြီး၊ သူ့ရဲ့အမည်ကိုတော့ ဆွေမျိုးတွေက ရွှေရုပ်လေးလို့ လှပလို့ "ဘဒ္ဒိယ" လို့ မှည့်ခေါ်ခဲ့ကြတယ်။ ဒါပေမဲ့ ခန္ဓာကိုယ်က အတော်ကိုပုကွနေတဲ့အတွက်ကြောင့် "လကုဏ္ဍက ဘဒ္ဒိယ"လို့ ထင်ရှားခဲ့ပါတယ်။ သူဟာ အရွယ်ရောက်လို့ မြတ်စွာဘုရား ဇေတဝန်ကျောင်းတော်မှာ သီတင်းသုံးနေတော်မူခိုက် တစ်နေ့မှာ ကျောင်းတော်ကို သွားရောက်တရားနာယူရင်းက သဒ္ဓါတရား ဖြစ်ပေါ်လာပြီး ရဟန်းပြုခဲ့ပါတယ်။ အဲဒီနောက် မြတ်စွာဘုရားအထံတော်မှာ ကမ္မဋ္ဌာန်းတရား သင်ယူပြီး ဝိပဿနာတရား ကြိုးစားအားထုတ်တဲ့အတွက် ပထမဆုံး သောတာပတ္တိမဂ်,ဖိုလ် ဆိုက်ရောက်ပြီး သောတာပန် ဖြစ်ခဲ့ပါတယ်။

တစ်နေ့မှာတော့ ပုဏ္ဏားတစ်ဦးနဲ့အတူ လှည်းရထားလေးနဲ့ ခရီးသွားနေတဲ့ ပြည့်တန်ဆာမ တစ်ယောက်က မထေရ်မြတ်ကို မြင်လိုက်ရလို့ သွားပေါ်အောင် ပြုံးပြပါတယ်။ ဒီအခါ မထေရ်မြတ်က အဲဒီအမျိုးသမီးရဲ့ သွားအရိုးနိမိတ်အာရုံကို ယူပြီး ကာယဂတာသတိကမ္မဋ္ဌာန်း စီးဖြန်းလိုက်တာ ဈာန် ရရှိခဲ့ပါတယ်။ အဲဒီနောက် ရလာတဲ့ဈာန်ကို အရှုခံထားပြီး ဝိပဿနာတရား ရှုပွားလိုက်တာ

အနာဂါမိမဂ်ဖိုလ်အထိရပြီး အနာဂါမ် ဖြစ်ခဲ့ပါတယ်။ ဒီလို အမျိုးသမီးတစ်ယောက်က ပြုံးပြတဲ့နေရာမှာ အမျိုးသမီးကို အာရုံမပြုမိပဲ သူ့ရဲ့ သွားကိုပဲ အာရုံယူပြီး တရားရှုပွားနိုင်တယ်ဆိုတာ သုံးဆယ့်နှစ်ကောဋ္ဌာသလို့ခေါ်တဲ့ ကာယဂတာသတိကမ္မဋ္ဌာန်းကို မပြတ်တမ်း စီးဖြန်းနေလို့ပါ။ အရှင်မြတ်ဟာ ကာယဂတာသတိကမ္မဋ္ဌာန်း အမြဲမပြတ် အားထုတ်နေရင်းက တစ်နေ့မှာ အရှင်သာရိပုတ္တရာဟောတဲ့ တရားတော်ကို နာယူရင်း ဝိပဿနာတရား ပွားများအားထုတ်တဲ့အခါ အရှင်သာရိပုတ္တရာရဲ့ တရားဒေသနာအစွမ်းအာနုဘော်ရယ်၊ အရှင်မြတ်ရဲ့ ရှေးဘဝတွေက ဆည်းပူးပြုလုပ်ခဲ့တဲ့ ကုသိုလ်ရယ်၊ ဒီအကြောင်းနှစ်ချက်ကြောင့် နောက်ဆုံးအဆင့် အရဟတ္တမဂ်၊ အရဟတ္တဖိုလ်ရရှိကာ ကိလေသာအာသဝေါကုန်ခမ်း ရဟန္တာအဖြစ်သို့ ရောက်တော်မူခဲ့ပါတယ်။

အရှင်မြတ်ဟာ တရားဗဟုသုတ ပြည့်ဝတော်မူတဲ့ ဓမ္မကထိကတစ်ပါး ဖြစ်ခဲ့ပြီး သာယာချိုမြိန်တဲ့အသံတော်နဲ့ ပရိသတ်တွေကို တရားဟောလေ့ရှိပါတယ်။ ဒါ့ကြောင့်ပဲ နောင်တစ်ချိန် မြတ်စွာဘုရားရှင်က ဇေတဝန်ကျောင်း အရိယာသံဃာများရဲ့အလယ်မှာ ထိုင်နေတဲ့ အရှင်လကုဏ္ဍကဘဒ္ဒိယအရှင်မြတ်ကို "ရဟန်းတို့…သာယာချိုမြိန်တဲ့အသံရှိတဲ့ ငါဘုရားရဲ့တပည့်ရဟန်းတွေထဲမှာ လကုဏ္ဍကဘဒ္ဒိယဟာ အသာဆုံး အမြတ်ဆုံးပုဂ္ဂိုလ်ဖြစ်တယ်" လို့ ချီးကျူးတော်မူပြီး မဥ္ဇုသရတေဒဂ်အရာ ထားတော်မူပါတယ်။

အရှင်မြတ်ရဲ့ ဆန္ဒတော်နဲ့ သူ့ဘဝကို ကောက်ချက်ချ သုံးသပ်ပြပုံ

အရှင်မြတ်က ကာယဂတာသတိကမ္မဋ္ဌာန်းအခြေခံပြီး ရဟန္တာဖြစ်ခဲ့တာမို့ သူ့လိုပဲ အခြားပုဂ္ဂိုလ်တွေကို တရားထူးရစေချင်တဲ့အတွက် "ဪ…မြတ်စွာဘုရားကလဲ သူ့ကို ဆုပေးခဲ့မယ်၊ သူကလဲ အဲဒီတောင်းတဲ့ဆုကို ရမယ်ဆိုရင် 'တစ်လောကလုံးမှာရှိတဲ့ လူတွေဟာ အမြဲမပြတ် ကာယဂတာသတိကမ္မဋ္ဌာန်းကို ပွားများပါစေ'ဆိုတဲ့ဆုကိုသာ တောင်းဆိုချင်ပါတယ်"လို့ သူ့ဘဝဖြစ်ရပ် အပဒါန်မှာ ဖော်ပြထားပါတယ်။

အရှင်မြတ်က သူ့ရဲ့အကြောင်းအတ္ထုပ္ပတ်ကို ပြန်ဟောပြခဲ့တဲ့နေရာမှာ "သူဟာ တိုင်းတာနှိုင်းယှဉ်လို့ မရတဲ့ဂုဏ်တော်ရှင် ကဿပမြတ်စွာဘုရားရဲ့ စေတီတော်တည်ထားတဲ့နေရာမှာ အတိုင်းအတာပမာဏကို သတ်မှတ်ပြောဆိုခဲ့မှုကြောင့် အရုပ်ဆိုး ပုကွပြီး သေးငယ်တဲ့ခန္ဓာကိုယ် ရရှိခဲ့တယ်။ ဖုဿဘုရားရှင်လက်ထက်တော် ဥဩငှက်ဖြစ်စဉ်အခါက သာယာချိုကြည်တဲ့ ဥဩငှက်အသံနဲ့ ပူဇော်ခဲ့တဲ့ကုသိုလ်ကြောင့် အသံအချိုအသာဆုံး တေဒဂ်ကို ရရှိခဲ့တယ်။ မြတ်စွာဘုရားကို သစ်သီးဆွမ်းနဲ့ လှူဒါန်းခဲ့တဲ့ကုသိုလ်နဲ့ ဘုရားဂုဏ်တော်တွေကို အစဉ်အောက်မေ့ပွားများတဲ့ ကုသိုလ်

ကြောင့် အာသဝေါကုန်ခမ်း ရဟန္တာအဖြစ်သို့ ရောက်ရှိခဲ့ရပါတယ်” လို့ သူ့ဘဝကောက်ကြောင်းကို ပြန်လည်သုံးသပ် ပြတော်မူခဲ့ပါတယ်။

(ဂ) အရှင်မြတ်နဲ့ ဆက်စပ်ပြီး ဟောထားသည့် တရားတော်အပိုင်း

(၁) ကေဋိသီလဇာတ်

၁။ ဟင်္သာတွေ၊ ကြိုးကြာတွေ၊ ဥဒေါင်းတွေ၊ ဆင်တွေ၊ သားသမင်တွေစတဲ့ တိရစ္ဆာန်တွေ အားလုံးဟာ ခြင်္သေ့ကို ကြောက်ကြတယ်။ ဘာလို့လဲဆိုတော့ ခန္ဓာကိုယ်မှာရှိတဲ့ အားအစွမ်း၊ အရှိန်အဝါပမာဏချင်း မတူမျှတဲ့ အတွက်ကြောင့် ဖြစ်ပါတယ်။

၂။ ဒီအတူပဲ လူတွေထဲမှာလဲ ဒီ လကုဏ္ဍကဘဒ္ဒိယဟာ ခန္ဓာကိုယ်ပမာဏသေးငယ်ပေမဲ့ သူ့မှာ ကြီးမားတဲ့ အသိဉာဏ်ပညာစွမ်းအင် ရှိတယ်။ ဒါ့ကြောင့် သူဟာ ကြီးကျယ်မြင့်မြတ်သူ ဖြစ်တယ်။ အသိဉာဏ် ကင်းမဲ့နေတဲ့သူကို ခန္ဓာကိုယ်အရွယ်အစားပမာဏကြီးရုံမျှနဲ့ ကြီးမြတ်သူလို့ မခေါ်နိုင်ပါဘူး။

ဒီတရားဂါထာ နှစ်ပုဒ်ကို မြတ်စွာဘုရား ဇေတဝန်ကျောင်းတော်မှာ သီတင်းသုံးနေစဉ်အခါက အရှင်လကုဏ္ဍကဘဒ္ဒိယမထေရ်ကို အကြောင်းပြုပြီး ဟောခဲ့ပါတယ်။ ဒါကို ကေဋိသီလဇာတ် အမည်နဲ့ ဇာတကပါဠိတော်၊ အဋ္ဌကထာတွေမှာ မှတ်တမ်းတင်ထားပါတယ်။ အကျယ်ချဲ့ပြောရရင်တော့ ဒီအရှင် မြတ်ဟာ သာသနာတော်မှာ ချိုသာတဲ့အသံရှိသူ၊ ချိုသာကောင်းမြတ်တဲ့အသံနဲ့ တရားဟောတတ်သူ၊ ပဋိသမ္ဘိဒါလေးပါးရ ရဟန္တာတစ်ပါးအနေနဲ့ မဟာသာဝကမထေရ် ရှစ်ဆယ်ထဲမှာ တစ်ပါးအပါအဝင် လက်ရွေးစင်တပည့်တစ်ပါးဖြစ်သူ၊ ဒါပေမဲ့ ခန္ဓာကိုယ်အရွယ်အစား ပမာဏအနေနဲ့တော့ ကျီစယ် နောက်ပြောင်စရာ ကိုရင်လေး တစ်ပါးလို ပုကွသေးကွေးသူရယ်လို့ ထင်ရှားခဲ့ပါတယ်။

တစ်နေ့မှာတော့ အရှင်လကုဏ္ဍဘဒ္ဒိယမထေရ်ဟာ မြတ်စွာဘုရားကို ဦးချကန်တော့ပြီး ဇေတဝန်ကျောင်းမုခ်ဝဖက်ကို ထွက်လာခဲ့ပါတယ်။ ဒီအချိန်မှာ နယ်ကရဟန်းတော်အပါးသုံးဆယ် ကလဲ မြတ်စွာဘုရားကို ကန်တော့ဖို့ ဇေတဝန်ကျောင်းထဲကို ဝင်လာပြီး ကျောင်းတော်မုခ်ဝမှာ မထေရ်မြတ်ကို တွေ့လိုက်တယ်ဆိုရင်ပဲ ကိုရင်ကလေးမှတ်လို့ မထေရ်ရဲ့ သင်္ကန်းကို ဆွဲသူက ဆွဲ၊ လက်ဆွဲသူက ဆွဲ၊ ခေါင်းကိုင်သူက ကိုင်၊ နှာခေါင်းညှစ်သူက ညှစ်၊ နားရွက်ဆွဲလိမ်သူက လိမ်နဲ့ ချစ်စနိုး နောက်ပြောင်ကျီစယ်ကြတယ်။ ပြီးတဲ့အခါ ဒီရဟန်းတော်တွေက မြတ်စွာဘုရားထံ သွားရောက်ကန်တော့ပြီး မာကြောင်းသာကြောင်း လျှောက်ထားကာ “မြတ်စွာဘုရား...အရှင်ဘုရား တို့ရဲ့တပည့် အရှင်လကုဏ္ဍကဘဒ္ဒိယထေရ်ဆိုတာ အသံချိုသာစွာနဲ့ တရားဟောဓမ္မကထိကလို့ နာမည်ကြီးနေပါတယ်ဘုရား။ ခု အဲဒီအရှင်မြတ် ဘယ်မှာပါလဲဘုရား” လို့ မေးမြန်းလျှောက်ထားခဲ့

ကြတယ်။ ဒီအခါ မြတ်စွာဘုရားက သင်တို့ သူ့ကို မြင်တွေ့ချင်လို့လားလို့ မေးတော်မူလို့ ရဟန်းတွေကလဲ မြင်တွေ့ချင်တဲ့အကြောင်း လျှောက်ထားတဲ့အတွက် "သင်တို့ ဇေတဝန်ကျောင်း မုခ်ဝရောက်တဲ့အခါတုန်းက သင်္ကန်းဆွဲ၊ လက်ဆွဲ၊ ခေါင်းကိုင်၊ နားရွက်ကိုင်ပြီး ကျီစယ်နောက်ပြောင်ခဲ့သူဟာ သင်တို့မေးတဲ့ လကုဏ္ဍကဘဒ္ဒိယပဲ" လို့ မြတ်စွာဘုရားရှင်က ပြန်လည်မိန့်ကြားခဲ့ပါတယ်။ ရဟန်းတော်တွေကလဲ "မြတ်စွာဘုရား....ခုလို ဆုတောင်းနဲ့လာခဲ့သူလဲဖြစ်၊ ပါရမီဖြည့်ကျင့်ထားသူလဲဖြစ်တဲ့ တပည့်သာဝကတစ်ပါးအနေနဲ့ ဘယ့်နယ်ကြောင့် အရိုန်အဝါ နဲပါးတဲ့ပုဂ္ဂိုလ် ဖြစ်နေရတာပါလဲဘုရား" လို့ မေးမြန်းလျှောက်ထားပြန်ပါတယ်။

ဒီလိုမေးမြန်းတဲ့အခါ မြတ်စွာဘုရားရှင်က မိမိကိုယ်တိုင်ပြုလုပ်ခဲ့တဲ့ မကောင်းမှုအကုသိုလ်ကံကို အမှီပြုပြီး ခုလို အရှိန်အဝါ နဲပါးသူ ဖြစ်ရတာဖြစ်ကြောင်း မိန့်တော်မူပါတယ်။ ရဟန်းတွေက အတိတ်ဇာတ်ကြောင်းကို အကျယ်တဝင့် ဟောပေးဖို့ တောင်းပန်ကြတဲ့အတွက် မြတ်စွာဘုရားက အတိတ်ဇာတ်ကြောင်း ဆောင်ပြီးဟောကြားခဲ့ပါတယ်။

အတိတ်ဇာတ်ကြောင်း

အတိတ်တုန်းက ဗာရာဏသီပြည်မှာ ဗြဟ္မဒတ်မင်း မင်းအဖြစ် အုပ်စိုးနေစဉ်အချိန်က ဘုရားအလောင်းဟာ တာဝတိံသာနတ်ပြည်မှာ သိကြားမင်း ဖြစ်နေခဲ့ပါတယ်။ အဲဒီအချိန်က ဗြဟ္မဒတ်မင်းဟာ အသက်အရွယ် ကြီးရင့်နေတဲ့ ဆင်အိုတွေ၊ မြင်းအိုတွေ၊ နွားအိုတွေကို မြင်လိုက်တာနဲ့ အဲဒီဆင်အို၊ မြင်းအို၊ နွားအိုတွေနောက် အမှုထမ်းတွေကို အတင်းပြေးအလိုက်ခိုင်းပြီး ရယ်မောနောက်ပြောင်နေတော့တာပါ။ လှည်းအိုတွေ တွေ့ရင်လဲ ချက်ချင်း ဖျက်ခိုင်းတယ်။ အသက်ကြီးနေတဲ့ အဖွားအိုတွေ တွေ့ရင်လဲ ခေါ်ခိုင်းပြီး ရင်ဝဆောင့်ကန် လှဲချ၊ ပြီးရင် ပြန်ထခိုင်းပြီး ကြောက်အောင် ခြိမ်းခြောက်ပါတယ်။ အဖိုးအိုတွေ တွေ့ရင်လဲ ကျွမ်းသမားတွေလို မြေပေါ်မှာ ကျွမ်းထိုးခိုင်းပါတယ်။ တကယ်လို့ အဖိုးအိုတွေ မတွေ့ရင်လဲ ဘယ်အိမ်မှာ အဖိုးအို ရှိသတဲ့လို့ ကြားတာနဲ့ သွားခေါ်ခိုင်းပြီး ကျွမ်းထိုးခိုင်းကာ ဆော့ကစားကျီစယ်နေတော့တာပါ။

အဲဒီအခါ လူတွေဟာ ရှက်ကြတဲ့အတွက် သူတို့ရဲ့အမေအဖေတွေကို တိုင်းတစ်ပါး ပို့ထားကြတယ်။ ဒီတော့ မိအိုဖအိုလုပ်ကျွေးတဲ့ လူမှုကျင့်ဝတ်တွေ ဆိတ်သုဉ်းကုန်ကြတယ်။ မင်းမှုထမ်းတွေကလဲ မင်းလိုပဲ အတုလိုက်ပြီး နောက်ပြောင်ကျီစယ်ကြတယ်။ ဒါ့ကြောင့် အဲဒီအချိန် သေသွားကြတဲ့သူတိုင်းဟာ အပါယ်လေးပါးရောက်ကုန်ကြတဲ့အတွက် နတ်ပြည်မှာ နတ်ပရိသတ်အရေအတွက် ဆုတ်ယုတ်လာခဲ့တယ်။ သိကြားမင်းဟာ နတ်သား၊ နတ်သမီးအသစ်တွေ ရောက်လာတာ မမြင်ရတဲ့အတွက် အကြောင်းကို စူးစမ်းလိုက်တဲ့အခါ လူကြီးမိဘတွေကို စော်ကားတာတွေ၊ မိဘဝတ်တရားတွေ

ချို့တဲ့နေကြတာတွေကို သိရှိသွားပြီး ဒီမင်းမိုက် ပြဟ္မဒတ်ကို ဆုံးမမယ်ဆိုတဲ့ အကြံဖြစ်ပေါ်ခဲ့တယ်။ ဒီအခါ သိကြားမင်းဟာ သူ့ကိုယ်သူ လူအိုယောင်ဖန်ဆင်းပြီး ဟောင်းနွမ်းအိုမြင်းနေတဲ့ လှည်းပေါ်မှာ ရက်တက်ရေအိုးကြီး နှစ်လုံးတင်၊ နွားအိုနှစ်ကောင် ကပြီး တစ်ခုသော ပွဲလမ်းသဘင်ရှိတဲ့နေ့မှာ အလှအပတန်ဆာဆင်ထားတဲ့ စီးတော်ဆင်စီးပြီး မြို့တွင်းလှည့်လည်နေတဲ့ ပြဟ္မဒတ်မင်းရဲ့ ရှေ့တည့်တည့်ကနေ ဟောင်းနွမ်းဆွေမြည့်နေတဲ့ အဝတ်အစား ဝတ်ပြီး လှည်းအိုကို မောင်းခဲ့ပါတယ်။

ဒီအခါ ပြဟ္မဒတ်မင်းက အမှုထမ်းတွေကို "ဒီလှည်းအိုကြီး ဖယ်လိုက်ကြစမ်း"လို့ အမိန့်ပေးလိုက်ပါတယ်။ အမှုထမ်းတွေက "အရှင်မင်းကြီး လှည်းအိုက ဘယ်မှာပါလဲ၊ အကျွန်ုပ်တို့ မမြင်ပါ" လို့ သံတော်ဦး ပြန်တင်ကြတယ်။ တကယ်တော့ သိကြားမင်းက သူ့ရဲ့တန်ခိုးအာနုဘော်နဲ့ ရှင်ဘုရင် တစ်ယောက်ထဲပဲ မြင်အောင် ပြထားတာ ဖြစ်ပါတယ်။ လူပရိသတ် အစုံညီဆုံး နေရာရောက်တဲ့အခါ သိကြားမင်းလဲ လှည်းအိုကို ပြဟ္မဒတ်မင်းရဲ့ အထက်ကနေ မောင်းနှင်လိုက်ပြီး ရက်တက်ရည်အိုး တစ်လုံးကို ခွဲချလိုက်ပါတယ်။ ပြဟ္မဒတ်မင်း နောက်ဆုတ်လိုက်တဲ့အခါမှာလဲ နောက်အိုးတစ်လုံးကို ခွဲချလိုက်ပြန်တယ်။ ရက်တက်ရည်တွေဟာ ဘုရင့်အပေါ်မှာ အကုန်လုံးစီးကျပြီး စိုရွှဲကုန်ပါတယ်။ ရက်တက်ရည်ဆိုတာ အလွန်ပုပ်ပြီး နံစော်နေတဲ့ ကဖော်ရည်တွေပါ။ ဒီအခါ ပြဟ္မဒတ်မင်းလဲ ရက်တက်ပုပ်ရည်တွေကြောင့် ရှက်လဲရှက်၊ စိတ်လဲညစ်ပြီး ရွံရှာစက်ဆုပ်နေခဲ့ပါတယ်။

ဒီအခါ သိကြားမင်းလဲ ပြဟ္မဒတ်မင်း စိတ်ဆင်းရဲကိုယ်ဆင်းရဲဖြစ်သွားတာကို သိပြီးတဲ့နောက် လှည်းအိုကို ကွယ်ဖျောက်လိုက်ပြီး သိကြားမင်းအသွင် ပြကာ ဝရဇိန်လက်နက် ကိုင်စွဲထားရင်း ကောင်းကင်ကနေ "တရားမစောင့်တဲ့ အို မင်းယုတ်....သင်ကော မအိုတော့ဘူးလား၊ အိုခြင်းဇရာက သင့်ခန္ဓာကိုယ်ဆီ မလာတော့ဘူးလား၊ သင်ဟာ ပျော်ချင်တာနဲ့ လူအိုတွေကို ညှဉ်းဆဲတာတွေ လုပ်ခဲ့တယ်၊ သင်တစ်ယောက်ကို အကြောင်းပြုပြီး ကျန်တဲ့လူတွေကလဲ အဲဒီလို လိုက်လုပ်ကုန်ကြတဲ့ အတွက် သေတဲ့ပုဂ္ဂိုလ်တိုင်း ပုဂ္ဂိုလ်တိုင်း အပါယ်ရောက်ကုန်ကြပြီ၊ လူတွေလဲ ကိုယ့်မိဘကို ပြုစုလုပ်ကျွေးခွင့်တွေ မရကြတော့ဘူး။ သင် ခုလို လုပ်တာတွေကနေ မရှောင်ကြဉ်ရင် ဝရဇိန်လက်နက်နဲ့ သင့်ဦးခေါင်းကို ခွဲရလိမ့်မယ်။ ဒီနေ့ကစပြီး ဒီအလုပ်တွေ မလုပ်ပါနဲ့တော့" လို့ ခြိမ်းခြောက်ပြီး မိဘတွေရဲ့ ဂုဏ်ကျေးဇူးကြီးမားပုံနဲ့ ကိုယ့်ထက်အသက်အရွယ်ကြီးတဲ့ပုဂ္ဂိုလ်တွေကို ရိုသေစွာ ပြုစုလုပ်ကျွေးရတဲ့ ကုသိုလ်ကံရဲ့ ကောင်းကျိုးရပုံတွေကို ဟောပြောဆုံးမပြီးတဲ့နောက် တာဝတိံသာနတ်ပြည်ကို ပြန်သွားခဲ့ပါတယ်။ ပြဟ္မဒတ်မင်းလဲ အဲဒီအချိန်ကစပြီး မိအိုဖအိုတွေကို ကျီစား နောက်ပြောင်တဲ့ အလုပ်တွေ လုပ်ဖို့ စိတ်တောင်မှ မကူးခဲ့တော့ပါဘူး။ မြတ်စွာဘုရားရှင်ဟာ ခုလို အတိတ်ဇာတ်ကြောင်းဆောင်ပြပြီး အထက်မှာဖော်ပြခဲ့တဲ့ တရားဂါထာနှစ်ပိုဒ်ကို ဟောခဲ့တာဖြစ်ပါတယ်။ ဇာတ်ပေါင်း

လိုက်တဲ့အခါ အရှင်လကုဏ္ဍက ဘဒ္ဒိယမထေရ်က အဲဒီတုန်းက ပြဟ္မဒတ်မင်း ဖြစ်ခဲ့ပြီး၊ မြတ်စွာဘုရား ကတော့ သိကြားမင်း ဖြစ်ခဲ့ပါတယ်။

အရှင်လကုဏ္ဍကဘဒ္ဒိယမထေရ်ဟာ ပြဟ္မဒတ်မင်းဖြစ်ခဲ့စဉ်က မိအိုဖအိုတွေကို ကျီစားနောက်ပြောင်ခဲ့တဲ့အတွက်ကြောင့် ခုလို မဟာသာဝကတစ်ပါးဖြစ်တဲ့အချိန်မှာလဲ အခြားရဟန်းတွေရဲ့ ကျီစယ်နောက်ပြောင်မှုကို ခံနေရတာဖြစ်ပါတယ်။ ကိုယ်ပြုထားတဲ့အကုသိုလ်ကံကြွေးကို အရှင်မြတ်ကိုယ်တိုင် ပေးဆပ်နေရတာဖြစ်ပါတယ်။

(၂) ဘယ်လိုပင် စကြနောက်ကြပေမဲ့ စိတ်မဆိုးအမျက်မထွက်

တစ်ခါတလေ ပုထုဇဉ်ကိုရင်တွေက အရှင်မြတ်ကို မြင်တဲ့အခါ ခေါင်းကိုင်လိုက် နားရွက်ဆွဲလိုက်နဲ့ "ညီငယ်လေး.....ဘယ်လိုလဲ၊ သာသနာ့ဘောင်မှာနေရတာ မပျင်းဘူးမဟုတ်လား၊ ပျော်တယ်မဟုတ်လား" စသဖြင့် ပြောင်ကြ နောက်ကြတယ်။ မထေရ်မြတ်ကတော့ အဲဒီကိုရင်တွေ အပေါ်မှာ အမျက်လဲမထွက်ဘူး၊ စိတ်လဲမဆိုးပါဘူး။ ဒီအကြောင်းကို တရားပွဲရောက်တဲ့အခါ တရားမနာခင် "ငါ့ရှင်တို့....လကုဏ္ဍကဘဒ္ဒိယထေရ်ကို ကိုရင်တွေက တွေ့တဲ့အခါ ဟောဒီလို ဟောဒီလို ညှင်းဆဲကြ၊ နောက်ကြ၊ ပြောင်ကြတယ်။ ဒါပေမဲ့ အဲဒီကိုရင်တွေအပေါ် မထေရ်က စိတ်လဲ မဆိုးဘူး၊ ဒေါသလဲမထွက်ဘူး" လို့ စကားစပ်မိပြီး ပြောဆိုနေကြတယ်။ ဒီအကြောင်း မြတ်စွာဘုရား သိတဲ့အခါ "ရဟန်းတို့ ....ကျောက်အတိပြီးတဲ့ ကျောက်တောင်ကြီးကို အရပ်လေးမျက်နှာက လာတဲ့လေတွေက မတုန်လှုပ်စေနိုင်သလို ရဟန္တာတွေဆိုတာ ကဲ့ရဲ့နောက်ပြောင်ကြတာတွေ၊ ချီးကျူးကြတာတွေအပေါ်မှာ စိတ်ဆိုးတယ် စိတ်ပျက်တယ် နှစ်သက်တယ်ဆိုတာ မရှိတော့ဘူး" လို့ မိန့်ကြားတော်မူခဲ့ပါတယ်။

(၃) အသက်ကြီးရုံ လူကြီးနေရာထိုင်နေရုံနဲ့တော့ လူကြီးလို့ မခေါ်နိုင်သေး

တစ်နေ့မှာတော့ အရှင်လကုဏ္ဍကဘဒ္ဒိယမထေရ် မြတ်စွာဘုရားထံ ဆည်းကပ်ပြီး ပြန်ထွက်သွားခါစအချိန် တောရဓုတင်ဆောက်တည်တဲ့ ရဟန်းတွေ မြတ်စွာဘုရားရှေ့မှောက် ရောက်လာပြီး ရှိခိုးဦးချ ကန်တော့ကာ ထိုင်နေကြပါတယ်။ မြတ်စွာဘုရားက ဒီရဟန်းတွေရဲ့ အရဟတ္တဖိုလ်ရနိုင်တဲ့ ရှေးကောင်းမှုအကြောင်း မြင်တော်မူပြီး "ရဟန်းတို့...ငါဘုရားထံကနေ ခုပဲ ထသွားတဲ့ မထေရ်တစ်ပါးကို မြင်လိုက်ကြလား" လို့ မေးတော်မူပါတယ်။ ဒီအခါ တောရရဟန်းတွေက မမြင်ပါဘုရားလို့ ပြန်လျှောက်တဲ့အတွက် "ဒါဆို ဘာကို မြင်လိုက်ကြလဲ" လို့ မေးတော်မူပြန်ပါတယ်။ အဲဒီအခါ ရဟန်းတော်တွေက "ကိုရင်လေးတစ်ပါးတော့ မြင်ခဲ့ပါတယ်ဘုရား"လို့ ပြန်လျှောက်ကြတဲ့အတွက်

မြတ်စွာဘုရားက "အဲဒါ ကိုရင်မဟုတ်ဘူး၊ သင်တို့မြင်ခဲ့တဲ့သူဟာ မထေရ်မြတ်သာ ဖြစ်တယ်"လို့ ဖြေကြားတော်မူပါတယ်။ ရဟန်းတွေက "အတော်လေးကိုပဲ သေးကွေးပုကွလွန်းလှပါတယ်ဘုရား" လို့ ပြန်လျှောက်ထားတဲ့အတွက် မြတ်စွာဘုရားက "ရဟန်းတို့....အရွယ်ကြီးရုံ၊ ခန္ဓာကြီးရုံ၊ အသက်ကြီးရုံ၊ လူကြီးနေရာ ထိုင်နေရုံနဲ့တော့ လူကြီး-မထေရ် လို့ မခေါ်ဘူး။ သစ္စာလေးပါးတရားကို ထိုးထွင်းပြီး တော့လဲသိ၊ ကိလေသာအညစ်အကြေးမှလဲ ကင်းစင်ကာ၊ သတ္တဝါတွေအပေါ်မှာ မညှင်းဆဲခြင်း, ကြင်နာခြင်းဆိုတဲ့ မေတ္တာတရား ထားတတ်အောင် လူတွေကို ဟောပြောပေးတဲ့ပုဂ္ဂိုလ်ကိုသာ လူကြီး-မထေရ်ခေါ်ရတယ်"လို့ ဟောကြားတော်မူတာကို ဓမ္မပဒအဋ္ဌကထာမှာ မှတ်တမ်းတင်ထားခဲ့ပါတယ်။

(၄) ပြစ်မှားသူတွေ အကုသိုလ်ဖြစ်မှာ စိုးတဲ့အတွက် တစ်ပါးတည်းနေ

တစ်ချိန်မှာတော့ မြတ်စွာဘုရား ဇေတဝန်ကျောင်းမှာ သီတင်းသုံးနေတော်မူပါတယ်။ အဲဒီအချိန်မှာ အရှင်လကုဏ္ဍကဘဒ္ဒိယမထေရ်ဟာ နယ်ကရဟန်းတော်တွေနဲ့အတူ မြတ်စွာဘုရားထံ ကမ္မဋ္ဌာန်းတရား မေးမြန်းလျှောက်ထားဖို့အတွက် ဇေတဝန်ကျောင်းတော်ဆီ ဦးတည်လာနေပါတယ်။ ကျန်တဲ့ရဟန်းတွေက သူ့ကို စကြ၊ နောက်ကြ၊ ကျီစယ်ကြရင် အဲဒီရဟန်းတွေမှာ အကုသိုလ်ဖြစ်မှာ စိုးတဲ့အတွက် အရှင်မြတ်ဟာ နောက်ဆုံးကနေ တစ်ပါးတည်း သတိပဋ္ဌာန်တရားအမှတ်နဲ့ လိုက်လာခဲ့ပါတယ်။ ဒီလို ရဟန်းတွေရဲ့နောက်ကနေ တစ်ပါးတည်း ဖြည်းဖြည်းလာနေတာကို မြတ်စွာဘုရားရှင် ဇေတဝန်ကျောင်းပေါ်ကနေ လှမ်းမြင်တော်မူလိုက်ရင်ပဲ "ရဟန်းတို့....ဇေတဝန်ကျောင်းထဲကို ဝင်လာနေကြတဲ့ ရဟန်းတွေရဲ့ နောက်ပါးကနေ တစ်ပါးတည်း ပုပုသေးသေးလေးနဲ့ ဝင်လာတဲ့သူကို မြင်ကြရဲ့လား" လို့ မေးတော်မူပါတယ်။

ရဟန်းတွေက မြင်တဲ့အကြောင်းလျှောက်ထားတော့ မြတ်စွာဘုရားက "ရဟန်းတို့..... အဲဒီရဟန်းဟာ သာမညရဟန်းမဟုတ်ဘူး၊ တန်ခိုးအာနုဘော်ကြီးမားတဲ့ ရဟန်းဖြစ်တယ်၊ သူမဝင်စားဖူးတဲ့ သမာပတ်ဆိုတာလဲ မရှိဘူး၊ သူဟာ ဖလသမာပတ်၊ အဘိညာဉ် ဈာန်သမာပတ်၊ နိရောဓသမာပတ်စတဲ့ သမာပတ်တွေ အားလုံးကို ဝင်စားနိုင်တယ်။ နောက်ပြီး ရဟန်းဝတ်လာကြသူတွေရဲ့ ရည်မှန်းချက် ပန်းတိုင်ဖြစ်တဲ့ အရဟတ္တဖိုလ်ကိုလဲ ရပြီးတဲ့ ရဟန္တာပုဂ္ဂိုလ်ဖြစ်တယ်။ ဒါ့ကြောင့် သင်တို့ဟာ သူ့ကို ကျောက်ထီးကဲ့သို့ အလေးဂရုပြုပြီး ကြည့်ကြပါ၊ ဒါမှ သင်တို့အတွက် ကောင်းကျိုးချမ်းသာဖြစ်လိမ့်မယ်။" လို့ မိန့်ကြားတော်မူပါတယ်။ ဒီလို မိန့်တော်မူရခြင်းဟာ အထင်သေး အမြင်သေးနဲ့ နောက်ပြောင်ကျီစယ်ကြတဲ့သူတွေ အကုသိုလ်ဖြစ်ပြီး ဒုက္ခရောက်မှာ စိုးတဲ့အတွက်ကြောင့် မိန့်တော်မူရခြင်းဖြစ်ပါတယ်။ ဒီအကြောင်းကို ဥဒါန်းပါဠိတော်နဲ့ အဋ္ဌကထာမှာ ဖော်ပြထားပါတယ်။

အရှင်လကုဏ္ဍက ဘဒ္ဒိယမထေရ်မြတ်ရဲ့ ဘဝဖြစ်ရပ် အတ္ထုပ္ပတ်ကို နာယူရတဲ့အတွက် ကောင်းတဲ့ကုသိုလ်ကံကြောင့် ကောင်းကျိုးခံစားရပုံနဲ့ မကောင်းတဲ့အကုသိုလ်ကံကြောင့် ကာလဝိပါက် နောက်ပိုးတက်ပုံတွေဟာ ရဟန္တာဖြစ်တဲ့ဘဝအထိ သက်ရောက်မှုရှိနေတာကို သတိထား သံဝေဂယူအားမိကြမှာပါ။ "သြော် ရဟန္တာအရှင်မြတ်ကြီးတွေသော်မှ လောကဓံ အကုသိုလ်ဝဋ်ကြွေးက မလွတ်ကင်းသေးပါလား၊ ငါတို့လို သာမန်ပုထုဇဉ်များအတွက်တော့ လောကဓံတွေနဲ့ ကြုံနေရတာတွေဟာ ဘာထူးဆန်းသလဲ"လို့ တွေးပြီးတော့လဲ သောကအပူမီးတွေကို ငြိမ်းနိုင်ကြပါစေ။ ဒီဖြစ်ရပ်တွေကို သင်ခန်းစာယူပြီး မကောင်းမှုတွေကို ရှောင်ကြဉ်နိုင်ကြပါစေ၊ ကောင်းမှုတွေလဲ ဆောင်နိုင်ကြပါစေ၊ ကာယဂတာသတိစတဲ့ ကမ္မဋ္ဌာန်းတွေနဲ့ စိတ်ထားတွေလဲ ဖြူစင်အောင် ကြိုးစားနိုင်ကြပါစေလို့ အာသီသပြုရင်း ဒီတပတ်သင်တန်းကို နိဂုံးချုပ် လိုက်ပါတယ်။

ကျမ်းကိုး--

၁။ အင်္ဂုတ္တိုရ်ပါဠိတော်၊ အဋ္ဌကထာ ပထမတွဲ၊

၂။ ထေရာပဒါန်ပါဠိတော်၊ အဋ္ဌကထာ၊

၃။ ဥဒါန်းပါဠိတော်၊ အဋ္ဌကထာ၊

၄။ ထေရဂါထာပါဠိတော်၊ အဋ္ဌကထာ၊

၅။ သံယုတ်ပါဠိတော်၊ အဋ္ဌကထာ၊

၆။ ဇာတကအဋ္ဌကထာ၊

၇။ ဓမ္မပဒအဋ္ဌကထာ၊ ဒုတိယတွဲ။

၈။ မဟာဗုဒ္ဓဝင် ဆဋ္ဌမတွဲ၊ ပထမပိုင်း။

အရှင်နေမိန္ဒာဘိဝံသ၊

ဓေတ္တ - သီတဂူသံဃဝိဟာရကျောင်း၊

5200 Club Road, Haverhill, F L 3341, U.S.A

၁၃၈၀-ပြည့်နှစ်၊ ကဆုန်လဆန်း(၁၂)ရက်၊ (၂၆၊၄၊၂၀၁၈)၊ ကြာသပတေးနေ့။ ည ၁၁း၃၅။